ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ (18-8-2005) (၄၆၉၁)

လူမျိုးစုနာမည် အခေါ်အဝေါ် အမျိုးမျိုးရှိနေစေကာမူ
အေးအတူ ပူအမျှ နေထိုင်ခဲ့သည့် ခိုင်မြဲသော အစဉ်အလာကောင်းရှိ
သမိုင်းအစဉ်အလာအရ တိုင်းရင်းသားလူမျိုးအချင်းချင်း
ချစ်ကြည်စွာ နေထိုင်သည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံရှင်သန်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေး စီမံကိန်း မန္တလေးဘက်ကမ်းတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၇

စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၁၅ရက် နံနက်ပိုင်းတွင် မုံရွာမြို့အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မုံရွာမြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ မုံရွာမြို့ အစိုးရကွန်ပျူတာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာနွယ်နွယ်နှင့် အစိုးရ နည်းပညာကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာတင်ပပထွန်းတို့က ကောလိပ် အလိုက် အကျယ်အဝန်း၊ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ သင်ကြားလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

မြန်မာလူငယ် ဗိုလ်လုပွဲတက်ပြီ

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၅ ခုနှစ် အာဆီယံ အသက်(၂၀)အောက် လူငယ် ဘောလုံးပြိုင်ပွဲ (AFF U-20 Youth Championship 2005) ကို ယနေ့ဒေသစံတော်ချိန် ညနေ ၄နာရီတွင် အင်ဒိုနီးရှားနိုင်ငံ Jakabaking Stadium ၌ ဆက်လက် ကျင်းပသည်။

ပထမအကြိမ် ဗိုလ်လုပွဲအဖြစ် မြန်မာလူငယ် လက်ရွေးစင် ဘောလုံးအသင်းနှင့် ဗီယက်နမ် နိုင်ငံလူငယ် လက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင် ကစားကြရာ မြန်မာလူငယ် အသင်းက ပိုင်နယ်တီဂိုး အပါအဝင် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိပြီး နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၈–၈–၂၀၀၅
(ကြာသပတေးနေ့)

ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အားထုတ်မှုများဖြင့် ဆောင်ရွက် ပုံညာတောင်ရထားလမ်းဥမင် အောင်မြင်စွာ ဖောက်လုပ်နိုင်

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများတွင်စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံတစ်ဝန်းလုံး၌ ဒေသ၏လိုအပ်ချက်များ၊ အခြေအနေပေးမှုများ၊ အလားအလာကောင်းများနှင့်အညီ ဖြန့်ကြက်ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရန် ဖွံ့ဖြိုးရေးစီမံကိန်းများကို ဒေသအလိုက် ချမှတ်ဖော်ဆောင် လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျပြီး လွယ်လင့်တကူ သွားလာနိုင်မှသာလျှင် စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးခြင်း၊ တိုးတက်မှုကွာဟခြင်း မဖြစ်စေလိုသည့်အတွက် လမ်း၊ တံတားများကို တည်ဆောက်ပေးနေရခြင်းဖြစ်ကြောင်း** လမ်းညွှန်မိန့်ကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း တို့အပြင် လမ်းများနှင့်အတူ တံတားသစ်များစွာကိုလည်း တစ်ပါတည်း တည်ဆောက်ပေးလျက်ရှိနေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၁၄ ရက်နေ့က မကွေးတိုင်း ခရီးစဉ်အတွင်း ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်း ဥမင်ဖောက်လုပ်ပြီးစီးမှု၊ ပုံညာတောင်ကြောပေါ်ရှိ ပုလဲ–ဂန့်ဂေါ ကားလမ်း လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ပုံညာတောင်ရထားလမ်း ဥမင်ဖောက်လုပ်ခြင်း စီမံကိန်းလုပ်ငန်းခွင် ဧယျာပုံညာခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အားထုတ်မှုများဖြင့် ပုံညာတောင်ရထားလမ်း ဥမင်ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းကို စနစ်တကျရေရှည်ခိုင်ခံ့အောင် ဂရုပြုလုပ်ကိုင်ကြရန်ဖြစ်ကြောင်း** မှာကြားသွားသည်။

နိုင်ငံတော်က ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၏အနောက်ဘက်ခြမ်းဒေသများ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်လျက်ရှိရာတွင် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းသည် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေကြောင်း တွေ့ရသည်။

အဆိုပါ ရထားလမ်းတွင်ပါဝင်သည့် ၁၄၂ ဒသမ ၅၄ မိုင်ရှည်လျားသော ချောင်းဦး–ကျော့ရထားလမ်းပိုင်းနှင့် ၁၀၅ ဒသမ ၃၅ မိုင်ရှည်လျားသော ရေမျက်နီ–ဂန့်ဂေါ–ကလေးရထားလမ်းပိုင်းများမှာ ပြီးစီးနေပြီဖြစ်ရာ လမ်းပိုင်းအလိုက် ရထားများ ပုံမှန်ပြေးဆွဲလျက်ရှိသည်။

ယခုအခါ ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းတွင် ကျန်ရှိနေသည့် ကျော့–ရေမျက်နီရထားလမ်းပိုင်းတွင် ပါဝင်သော ပုံညာတောင်ရထားလမ်းဥမင်ကို တိုးလျှိုပေါက်အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ရထားလမ်းပိုင်းတွင် တည်ဆောက်ရန်ရှိသည့် ရထားလမ်းကူးတံတားများအနက် တံတား ၁၂၁စင်းကိုလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ပုံညာတောင် ရထားလမ်းဥမင်ဖောက်လုပ်ခြင်းလုပ်ငန်း အောင်မြင်ပြီးစီးပြီဖြစ်၍ မကြာမီကာလတွင် ချဉ်းကပ်ရထားလမ်းများ ခင်းပြီးပါက ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းတစ်လျှောက် ရထားများ တစ်ဆက်တစ်စပ်တည်း ခုတ်မောင်းနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်နယ်နှင့် တိုင်းများ အကြားအလပ်မရှိ ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၏ ပံ့ပိုး ဖြည့်ဆည်းမှုများနှင့်အညီ ပုံညာတောင်ရထားလမ်းဥမင်ကို ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အားထုတ်မှုများဖြင့် အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ရာ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးများ ပိုမိုတိုးတက်လာမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဦးအောင်သောင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်ရုံများလေ့လာရန် ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းဦးဆောင်သော အဖွဲ့ဝင် ငါးဦးပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Qingdaoမြို့၌ဩဂုတ်၁၇ရက်မှ ၂၀ရက်အထိ ပထမအကြိမ်မြောက် တရုတ်–အာဆီယံ ထင်ပေါ်သောပုဂ္ဂိုလ်များအဖွဲ့ အစည်းအဝေး 1st China-ASEAN Eminent Persons Group (EPG Meeting) သို့ တက်ရောက်ရန်နှင့် ဩဂုတ် ၂၁ရက်မှ ၂၂ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးပြီး စက်ရုံအလုပ်ရုံများကို လေ့လာရန် ယမန်နေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့အား အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး သံအမတ်ကြီး H.E.Mr. Li Jinjunနှင့် သံရုံး အဖွဲ့ဝင်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးကျော်မြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ ဦးကိုကိုလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့်နိုင်ငံခြားရေးဝန်ကြီးဌာနနိုင်ငံရေးရာ ဦးစီးဌာန ဌာနစုမှူးဒေါ်မြတ်သီတာအေးတို့ လိုက်ပါသွားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာလမ်းနေ ဦးမောင်ထူး–ဒေါ်ခင်ခင်လှနှင့် သားများ မိသားစုတို့က သားငယ်–သက်ထူးဇော်၏ မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးတွင် ဓာတ်လှေကား တပ်ဆင်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်သို့ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ကိုးပါးသီလတရားတော် ဟောကြားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၇

၁၃၆၇ ခုနှစ် ဝါခေါင်လပြည့်နေ့ ဩဂုတ် ၁၉ရက် (သောကြာနေ့)တွင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ညောင်တုန်း ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏက နဝင်္ဂဥပေါသထ ကိုးပါး သီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များ အပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်သမိုင်းဝင် ကျိုက္ကလော့ စေတီတော်မြတ်ကြီးအနီးရှိ ကျိုက္ကလော့ ပရိယတ္တိ စာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၌ ဆရာတော် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို စက်တင်ဘာ ၅ရက်မှ စက်တင်ဘာ ၁၁ရက်ထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများ၊ စက်တင်ဘာ ၄ရက် ညနေ၅နာရီ အရောက် လာရောက်ကြရန်နှင့် ဆွမ်း၊ အချိုပွဲ၊ အအေးလှူဒါန်းလိုသူများသည် ဖုန်း–၆၃၅၆၃၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ် ကျော်လွန်နိုင်

ရန်ကုန် ဩဂုတ် ၁၇

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက် အရ တောင်ငူမြို့၌ ၅၈၉စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ဆက်လက်တက်နေပြီး ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ကြေညာထားသည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဩဂုတ်လ (၁၆)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၅၄၉၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန်ရှိ ခေတ်မီသံရည်ကျို စက်ပစ္စည်းအလုပ်ရုံ၌ သံရည်သွန်းလောင်းရန် သဲပုံလောင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အခြေခံစည်းရုံးရေးသင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၁၇

သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ် (၃၆/၃၇)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် အသင်းရုံးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက အလှူရှင်များ ပေးအပ်လှူဒါန်းသော အလှူငွေများကို လက်ခံသည်။ အဆိုပါဖွင့်ပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယင်းသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၃၆/၃၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အလှူရှင်များက ပေးအပ်လှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။ (၅၀၆)

❍ ရှေ့ဖုံးမှ

ပြိုင်ပွဲတွင် ပထမပိုင်း ၄၂ မိနစ်၌ ဗီယက်နမ်အသင်းက စတင်၍ တစ်ဂိုးသွင်းယူနိုင်ပြီး ပထမပိုင်းတွင် ဗီယက်နမ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်း ပြန်ကစားသောအခါ ၁၀ မိနစ်တွင် မြန်မာလူငယ်အသင်း အလွတ်တည်ကန်ဘောရရှိရာ စိုးသီဟအောင်က ကန်သွင်း၍ တစ်ဂိုးစီသရေပွဲဖြစ်နေပြီး အချိန်ပိုတွင်လည်း ဂိုးမသွင်းနိုင်၍ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်နေခဲ့သည်။

အနိုင်/အရှုံးကို ပိုင်နယ်တီဖြင့် ဆုံးဖြတ်ရာတွင် မြန်မာအသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ဗိုလ်လုပွဲ

မြန်မာလူငယ်အသင်းသည် လာအိုလူငယ်အသင်းနှင့် မလေးရှားလူငယ်အသင်းတို့၏ ဒုတိယအကြိုဗိုလ်လုပွဲ၌ အနိုင်ရရှိသောအသင်းနှင့် ဩဂုတ်၁၉ရက် ညနေပိုင်းတွင် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (သတင်းစဉ်)

The Commerce Journal အတွဲ(၅)၊အမှတ်(၁၃)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၇

နောက်ဆုံးရ စီးပွားရေးသတင်းအချက်အလက်များကို ဦးစားပေးဖော်ပြပေးနေသည့် The Commerce Journal အတွဲ(၅)၊ အမှတ်(၁၃)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင် ဆရာမောင်စူးစမ်း၏ ယွမ်ငွေတန်ဖိုးကို ရောင်းလိုအားအခြေစိုက်ရှုထောင့်မှ ရှုမြင်ခြင်း၊ ဆရာအောင်သင်း၏စက်ကျွန်၊ ဆရာဦးဟန်ထွန်း၏ ဂလိုဘယ်ခေတ်ကိုလိုနီလက်သစ်၊ ဒေါက်တာခင်မောင်ညို၏ ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား၊ မောင်တိုင်ပင်၏ တိုးတက်လာမည့်မြန်မာ့သစ်သီးပို့ကုန်၊ အယ်ဒီတာအဖွဲ့ဝင်တစ်ဦး၏ ပညာရှင်တို့၏ ကောမတ်စ်စကားဝိုင်း၊ ဟံသာထွန်း၏ ကမ္ဘာ့ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု၊ မောင်ပုဆိုးကြမ်း၏ တရုတ်နိုင်ငံနှင့်အဆင့်မြင့်နည်းပညာ၊ ကြည်ရွှန်း၏ ပထမဆုံး လူမည်းအမျိုးသမီး ကုဋေကြွယ်မ၊ မြတ်ဆွေ၏ လှုပ်ရှားနေသော မြန်မာ့ရုပ်ရှင်၊ ရွှေနွယ်၏ကိုယ်ရည်ကိုယ်သွေး၊သန်းငွေ(စီးပွား)၏ ကွန်ပျူတာသုံးစွဲမှုနှုန်း မြင့်တက်လာ၊ ဆရာစံဇာဏီဘို၏ မြန်မာ့ရိုးရာအမည်ဟောကိန်းများ၊ ဒေသထွက်ကုန်သတင်းစုံ စသည့် သုတ/ရသစုံ သတင်းဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ်(၃၈)၊လမ်း ၃၀၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ပခုက္ကူ ခရိုင်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၄ရက် နံနက်ပိုင်းတွင် ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ မြို့များအဆင့်မြှင့်တင်ရေးနှင့် လူငယ်သင်တန်းကျောင်းများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

တက်ရောက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ပြုလုပ်သော ပခုက္ကူ ခရိုင်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ မြို့သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးအတွက် အဆင့်မြှင့်တင်ရေးနှင့် ပခုက္ကူခရိုင်ရှိ မြို့နယ်ငါးမြို့နယ် မြို့ရေပေးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ယင်းအစည်းအဝေးသို့ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးကျော်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးက ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့နယ်တို့တွင် မြို့ရေပေးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေး၊ ကျေးလက်ရေပေးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးရေး၊ စိမ်းလန်းစိုပြည်ရေး၊ မြို့သာယာလှပရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေး အလေးထားဆောင်ရွက်ရန်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားသည်။ (သတင်းစဉ်)

မင်္ဂလာဈေးဓမ္မာရုံ ဝါတွင်းတရားပွဲများ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတော်ကြီး၌ ဝါတွင်း တရားပွဲများအဖြစ် ဩဂုတ် ၁၈ရက် ညတွင် ဓမ္မဒူတ အရှင်အာဒိစ္စဏ နှင့် ဩဂုတ် ၂၆ရက် ညတွင် ဓမ္မဒူတ အရှင်သီလာစာရတို့က တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၀၅ (ကြာသပတေးနေ့)

၁၃၆၇ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ နတ်သားတောရေလှောင်တမံ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၁၊သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၅း၁၀ ၆။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)**
၅း၂၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၄၀ ၈။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၅း၅၅ ၉။ **မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) "တရားဦးရတနာ ဓမ္မစကြာနှင့် ဓမ္မဒူတမိန့်ခွန်းတော်" (ဣန္ဒာဆွေ စီစဉ်ရေးဖွဲ့ပူဇော်သည်)**
၆း၁၅ ၁၀။ လယ်ယာစီးပွား မြင့်မားစေရန် ပဒဲရေလှောင်တမံ
၆း၃၀ ၁၁။ ညနေခင်းသတင်း
၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ဝက်ပါ (အပိုင်း-၉)**
၇း၃၅ ၁၄။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (တင်းနစ်)
၇း၄၅ ၁၅။ တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည် သာသနာ့ရိပ်သာ
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ မခွဲအတူ (အပိုင်း-၃)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ဂရိနိုင်ငံ အေသင်မြို့မြောက်ဘက် ဂရာမစ်တီကိုစ်ကမ်းခြေ မြို့အနီးတွင် ပျက်ကျပြီး မီးလောင်နေသည့် ဆိုက်ပရပ်လေယာဉ်အား မြေပြင်နှင့် ဝေဟင်တို့မှ ငြိမ်းသတ်နေ ကြသည်ကို ဩဂုတ် ၁၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဗီယက်နမ်စစ်ပွဲနည်းတူ အီရတ်စစ်ပွဲကိုလည်း အမေရိကန်ပြည်သူများ၏ ထောက်ခံမှုကျဆင်းလာ

ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန်အစိုးရသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀က ဗီယက်နမ်စစ်ပွဲကို ဆင်နွှဲခဲ့ရာတွင် ပြည်သူများ၏ ထောက်ခံမှု ပျက်ယွင်းစေသည့် အကြောင်းတရားများနှင့် တွေ့ကြုံခဲ့ရသည့်နည်းတူ အီရတ်နိုင်ငံတွင် ဆင်နွှဲလာသည့် နှစ်နှစ်မျှကြာမြင့်ပြီဖြစ်သော စစ်ပွဲတွင်လည်း ပြည်သူများ၏ ထောက်ခံမှုဆုံးရှုံးရမည့် အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျားက ဩဂုတ် ၁၅ ရက်က ပြုလုပ်သော စီအင်န်အင်န်သတင်းဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသွားသည်။

သဘောထားကွဲပြား

မိမိ၏အမြင်ကို ပြောရလျှင် ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုများပြားလာသည်နှင့် အမေရိကန်ပြည်သူများအတွင်း ယင်းစစ်ပွဲကို ထောက်ခံသူနှင့် မထောက်ခံသူဟူ၍ ကွဲသွားခဲ့သကဲ့သို့အီရတ်စစ်ပွဲတွင်လည်း ပြည်သူများအတွင်း သဘောထားကွဲပြား ခြားနားမှုများ ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ အီရတ်တွင်ကြေကွဲဖွယ်ရာ ဖြစ်ရပ်များနှင့်အတူ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု တိုးပွားလာသော်လည်း စစ်ဆင်နွှဲရခြင်း၏ ရည်မှန်းချက်မှာပေါက်မြောက်လာဖွယ်မရှိကြောင်း ကစ်ဆင်ဂျားက ပြောကြားသည်။

လိုအပ်

အီရတ်နိုင်ငံတွင် အခြေခံဝါဒီများ လွှမ်းမိုးလာနိုင်မှုကို အမေရိကန်အစိုးရက ချေဖျက်နိုင်ရန် လိုအပ်ကြောင်း၊ အကယ်၍ အီရတ်တွင် အခြေခံဝါဒီများကို နှိမ်နင်းနိုင်ခြင်း မရှိပါက အစွန်းရောက် တိုက်ခိုက်မှုများသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

အီရတ်နှင့် အီရန်တို့၏ ရင်းနှီးသည့် ဆက်ဆံမှု အမေရိကန်အစိုးရ စိုးရိမ်မကင်း ဖြစ်နေ

တီဟီရန် ဩဂုတ် ၁၆

အီရတ်နှင့် အီရန်နိုင်ငံအကြား ရင်းနှီးမှုရှိသည့် ဆက်ဆံရေးထူထောင်နေမှုကြောင့် အမေရိကန်က စိုးရိမ်ပူပန်မှုရှိနေပြီး အီရတ်တွင် ဖြစ်ပွားသည့် တင်းမာမှုများ ဖန်တီးမှုနှင့် ပတ်သက်၍ အမေရိကန်က အီရန်အား ပြစ်တင်ပြောကြားမှုပြုလုပ်နိုင်မည်မဟုတ်တော့ကြောင်း နံနက်ပိုင်းထုတ် သတင်းစာတစ်စောင်က တနင်္ဂနွေနေ့တွင် ရေးသားလိုက်သည်။

ပြသ

အီရတ်တွင် သိမ်းမိသည့် လက်နက်များသည် အီရန်နိုင်ငံမှ ဖြစ်ကြောင်း အထင်အရှားပြသနေကြောင်း၊ ထို့ပြင် နယ်စပ်ဖြတ်ကျော်၍ ပေါက်ကွဲစရာပစ္စည်းများ ဖြတ်သန်းသယ်ယူခွင့်ရစေရန် ခွင့်ပြုမှုအတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က သတိပေးစကား ပြောကြားပြီးနောက် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် အီရန်နေ့စဉ်သတင်းစာက ခေါင်းကြီးပိုင်းမှ ရေးသားခဲ့ခြင်းဖြစ်သည်။

အထောက်အထားမတွေ့

အီရန်နှင့်အီရတ်အကြား လက်နက်များ မှောင်ခိုသွင်းနေမှု အထောက်အထားမတွေ့ရကြောင်း ဗြိတိသျှဦးဆောင်သည့် အီရတ်အရှေ့တောင်ပိုင်းမှ တပ်ဖွဲ့တပ်မှူးဗိုလ်ချုပ်ဂျင်ဒတ်တန်က ပြောကြားနေစဉ် ရမ်းစဖဲလ်က ယင်းသို့ ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်သည် တာဝန်မဲ့ ပြောဆိုဝေဖန်တတ်သည့် နိုင်ငံရေးသမားတစ်ဦးဖြစ်သည်ဟု အဆိုပါ သတင်းစာကရေးသားပြီး အမေရိကန် သတင်းစာဆရာများသည်ပင်လျှင်ဖြစ်ရပ်မှန်ရေးသားမှုထက် ခေါင်းမာသည့် အရေးအသားမျိုးရောင်ပြန်ဟပ်ရေးသားဖော်ပြရာတွင် ပြဿနာပေါင်းစုံဖြင့် ကြုံတွေ့ခဲ့ရသည်ဟု သတင်းစာက ထပ်လောင်းရေးသားသည်။

အရေးပါ

ယခုအချိန်အခါတွင် အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ပြည်သူလူထုတို့က အီရန်အား ယုံကြည်စိတ်ချလောက်သည့် အိမ်နီးချင်းနိုင်ငံ ဖြစ်သည်ဟု သဘောပေါက်လာကြပြီး အီရန်က အီရတ်၏နိုင်ငံရေးတည်ငြိမ်မှု၊ ပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေးပြန်လည် နာလန်ထူမှုကိစ္စများအတွက် အရေးပါသည့် ကဏ္ဍမှပါဝင်နေသည်ဟုသိမြင်လာကြပြီဖြစ်သည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

အီရတ်နှင့် အီရန်အစိုးရများအနေဖြင့် ဆက်ဒမ်ဟူစိန်၏ အမှောင်ခေတ်က အီရန် ဆန့်ကျင်ရေးမူဝါဒများအား အတိတ်ကာလတွင် ထားရစ်ခဲ့ခြင်းဖြင့် အဓိပ္ပာယ်ရှိသည့် သဘောတူစာချုပ်များချုပ်ဆိုကာ ဆက်ဆံမှုများထူထောင်နိုင်ကြောင်း၊ ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်အနေဖြင့် အီရတ်နှင့် အီရန်၏ တည်ငြိမ်ရေး အပြုသဘောဆောင်သည့် ဆက်ဆံမှုများအပေါ် စိုးရိမ်မကင်းဖြစ်နေကာ ယင်းဆက်ဆံမှုက အီရတ်အခြေအနေ တစ်စတစ်စဆိုးရွားလာမှုအပေါ် အီရန်အား အပြစ်ပုံချနိုင်မှုပြုလုပ်နိုင်တော့မည် မဟုတ်ဟု သတင်းစာက ရေးသားဖော်ပြသွားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များနှင့် အပျက်အစီးအချို့ကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တရုတ်အနောက်တောင်ပိုင်း မြေငလျင်လှုပ်

ပေကျင်း ဩဂုတ် ၁၆

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် စနေနေ့က မြေငလျင်လှုပ်မှုဖြစ်ပွားရာ နေအိမ်အတော်များများ ပြိုလဲပျက်စီးခဲ့ပြီး ဒဏ်ရာရသူများရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ရစ်ချ်တာစကေးအင်အား ၅ ဒသမ ၃ ရှိ မြေငလျင်သည် ယူနန်ပြည်နယ် ဝန်ရှင်းစီရင်စုကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘဂ္ဂဒက်တွင်ကားဗုံးသုံးလုံးပေါက်ကွဲမှုဖြစ် အနည်းဆုံး ၄၃ဦး သေဆုံးပြီး ၃၈ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ယနေ့ နံနက်လူစည်ကားချိန်တွင် ကားဗုံးသုံးလုံးဆင့်၍ပေါက်ကွဲခဲ့ရာ လူအသေအပျောက်အထိအခိုက်အများအပြား ရှိကြောင်း ရဲတပ်ဖွဲ့မှ ထွက်ပေါ်လာသော သတင်းများအရသိရသည်။

အခင်းဖြစ်ပွားမှုကြောင့် အနည်းဆုံး လူ၄၃ဦး အသက်ဆုံးရှုံးပြီး ၃၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ပွားချိန် အစောပိုင်းထွက်ပေါ်လာသောစာရင်းများသည်များသောအားဖြင့် မှန်ကန်လေ့ မရှိကြောင်း၊ ထိခိုက်သေဆုံးမှုစာရင်းများကို ပြုစုနေဆဲအခြေအနေမှာပင်ရှိကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားကြသည်။ ပထမပေါက်ကွဲမှုဖြစ်လျှင်ဖြစ်ချင်း ရဲတပ်ဖွဲ့ဝင်များနှင့် ဆေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန် သွားရောက်ခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့စားသောက်ဆိုင်တွင် ဗုံးဖောက်ခွဲ လူ ၁၁ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၁၆

ရဲတပ်ဖွဲ့ဝင်များသွားနေကျ ဘဂ္ဂဒက်မြို့လယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်အား ဗုံးဖောက်ခွဲသူတစ်ဦးက မော်တော်ဆိုင်ကယ်စီး၍ တနင်္လာနေ့တွင် ဗုံးဖောက်ခွဲရာ လူ ၁၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ဗုံးဖောက်ခွဲသူတစ်ဦးက ပေါက်ကွဲပစ္စည်းများ အပြည့်အသိပ်တင်ဆောင်လာသည့်မော်တော်ဆိုင်ကယ်တစ်စီးကိုစီးကာ ကာရာဒါရှိစားသောက် ဆိုင်တစ်ဆိုင်အတွင်း ဝင်တိုက်ကာ ဗုံးဖောက်ခွဲခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအားပြောကြားသည်။

ယင်းဖောက်ခွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်များအပါအဝင် လူ ၁၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ယင်းသတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဟောနန်ပြည်နယ်တွင် ဈေးဆိုင်မီးလောင်မှုဖြစ်ပွား ငါးဦး သေဆုံးပြီး သုံးဦးလွတ်မြောက်

ဖောင်ဇူ ဩဂုတ် ၁၆

တရုတ်နိုင်ငံ အလယ်ပိုင်း ဟောနန်ပြည်နယ် လူရှန်ခရိုင်၌ ဈေးဆိုင်တစ်ဆိုင်တွင် တနင်္ဂနွေနေ့ နံနက်အရုဏ်တက်ချိန်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ထိုမီးလောင်မှုကြောင့် လူငါးဦးသေဆုံးကြောင်း အဆိုပါခရိုင်အစိုးရဌာနများက ပြောကြားခဲ့သည်။

တနင်္ဂနွေနေ့ နံနက် ၂ နာရီ မိနစ် ၂၀ တွင် လူရှန်ခရိုင် ဈေးဆိုင်တစ်ဆိုင်၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဈေးဆိုင်အကူဝန်ထမ်း ဆိုင်တာဝန်ခံရှစ်ဦး မီးလောင်မှု ဖြစ်ပွားရာနေရာတွင် ပိတ်မိနေကြောင်း၊ ထိုပိတ်မိနေသူများထဲမှ သုံးဦးသည် လွတ်မြောက်သွားပြီး ငါးဦးမှာ မီးလောင်ကျွမ်းပြီးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ မီးသတ်ကား ၁၀ စီးကျော်နှင့် မီးသတ်သမား၆၀ ကျော်တို့ အလျင်အမြန်ရောက်ရှိလာကြပြီး မီးငြှိမ်းသတ်ရာ နံနက် ၅ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။ ထိုမီးလောင်မှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို ဆက်လက်စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ဂျီးရီးယားတွင် ရေယာဉ်တိမ်းမှောက် ၉၂ဦးပျောက်ဆုံးနေ

လေဂို့စ် ဩဂုတ် ၁၆

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ မြစ်တစ်စင်းတွင် စက်တပ်ရေယာဉ်တစ်စင်း တိမ်းမှောက်မှုဖြစ်ပွားရာလူ၉၂ဦး ပျောက်ဆုံးလျက်ရှိနေပြီး ၎င်းတို့မှာ သေဆုံးဖွယ်ရှိကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

အာဖရိကတိုက်တွင် လူဦးရေအများဆုံးနေထိုင်သည့် နိုင်ဂျီးရီးယားနိုင်ငံရှိ ဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြစ်ရေများလွှမ်းမိုးခဲ့ရာ လွန်ခဲ့သည့် ရက်သတ္တပတ်သုံးပတ်အတွင်း ရေနစ်သေဆုံးသူဦးရေမှာ ၁၈၀ ခန့် ရှိသွားပြီဖြစ်သည်။

တိမ်းမှောက်နစ်မြုပ်သွားသော စက်တပ်ရေယာဉ်တွင်လူ ၁၀၂ဦးတင်ဆောင်လာခဲ့ပြီး၁၀ဦးကိုသာ ကယ်တင်ပေးနိုင်ခဲ့သည်ဟု နိုင်ဂျီးရီးယား ရုပ်မြင်သံကြားက ဖော်ပြသည်။ သို့ရာတွင် အသေးစိတ် ဖော်ပြခြင်း မရှိပေ။

လွန်ခဲ့သည့်ရက်သတ္တပတ်ကလည်း နိုင်ဂျီးရီးယားနိုင်ငံတွင် တံတားပြိုကျမှုကြောင့် လူ ၃၀ ခန့် ရေနစ်သေဆုံးခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စာရေးတံလှူ နာယူပွားများ မေတ္တာတရား

တင်ထွန်း
(အစိုးရတိုင်းရင်းဆေး)

ဝါခေါင်လသည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အထွတ်အမြတ်ထားသော ဝါတွင်းသုံးလ အခါ သမယ၏ အလယ်ဗဟိုကျသည့် လဖြစ်သည်။ **ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း** ဟူသော ရှေးတောင်သူလယ်သမားကြီးများ၏ မိုးလက္ခဏာအရ ဝါခေါင်လတွင် မိုးပါးမှ ပွင့်ကြလေ့ရှိသော ထနောင်းပန်း၊ ကြောင်ခြစ်ပန်းနှင့် ဆူးရစ်ပန်းတို့ ပွင့်ကြသည်။ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင်မူ **ဒေဝရိန် ပဒ္မုန်မှူးငယ်က မြူးလှတယ်လေး** ဟု မဟာအတုလ မင်းကြီးက ဝါခေါင်လဘွဲ့ လွမ်းချင်းတွင် ဖွဲ့ဆိုခဲ့သည်။ **ပိုင်ဒေဝရတ်၊ မိုးမင်းနတ်လည်း ရဟတ်ကယ်ရေဂှန် အထန်တော် လွန်လှချေ** ဟု စာဆိုတော် လူဦးမင်းကလည်း ဝါခေါင်လဖွဲ့ လေးချိုးတွင် ဖွဲ့ဆိုခဲ့သည်။ မိုးများရွာသွန်းပြီး မြစ်ရေ၊ ချောင်းရေတိုးကာ ကမ်းလုံးပြည့် လျှံတက်လေ့ရှိခြင်းကြောင့် **ဝါဆိုဝါခေါင် ရေဖောင်ဖောင်** ဟု လည်းကောင်း၊ **ဝါဆိုဝါခေါင် ရေတွေကြီးလို့၊ သပြေသီးမှည့်ကောက်စို့ကွယ်** ဟု လည်းကောင်း ခံစားဖွဲ့ဆိုခဲ့ကြသည်ကိုလည်း တွေ့ရပေသည်။

ဝါခေါင်လတွင် သရဝဏ်ခေါ် နေသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ ဗျိုင်းတာရာထွန်းပသည်။ ရက်ပေါင်း သုံးဆယ်ရှိ၍ နေ့တာရှည်ကာ ညတာတိုသည်။ **သိဟ်ရာသီလမ်း၊ ဝါခေါင်သန်းသော်၊ နတ်ပန်းခတ္တာ** ဟု ဖွဲ့ဆိုထားသည်နှင့်အညီ မြန်မာပြက္ခဒိန်လများ၏ ငါးလမြောက်ဖြစ်သော ဝါခေါင်လသည် ရာသီအလိုအားဖြင့် သိဟ်ရာသီဖြစ်၍ ရာသီပန်းမှာ ခတ္တာပန်းဖြစ်သည်။ **ရောင်ဝှန်းတေဇာ၊ ပန်းခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လှူစာရေးတံ၊ သဘင်စုံခံဆဲမို့** ဟု ဖွဲ့ဆိုထားသည့်အတိုင်း ဝါခေါင်လတွင် စာရေးတံအလှူပွဲကို ကျင်းပမြဲဖြစ်ပါသည်။ ဝါခေါင်လပြည့်နေ့တွင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် **မေတ္တသုတ်တရားတော်**ကို ဟောကြားတော်မူခဲ့ပြီး ယင်းနေ့ကို **မေတ္တာအခါတော်နေ့** ဟု သတ်မှတ်ကြသည်။

မေတ္တာဘာဝနာပွားများသော ပုဂ္ဂိုလ်သည် အင်္ဂုတ္တရနိကာယ်နိပါတ်တော်၏ မေတ္တသုတ်လာအတိုင်း ချမ်းသာစွာ အိပ်စက်ရခြင်း၊ ချမ်းသာစွာနိုးထရခြင်း၊ မကောင်းသောအိပ်မက် မမြင်မက်ရခြင်း၊ လူတိုင်းချစ်ခင်ခြင်း၊ နတ်ဗြဟ္မာတို့ စောင့်ရှောက်ခြင်း၊ လူမှတစ်ပါးသော သူတို့ ချစ်ခင်ခြင်း၊ မီး၊ အဆိပ်၊ ပယောဂနှင့် လက်နက်ကြီးငယ်များ မထိခိုက်ခြင်း၊ မျက်နှာအဆင်း အထူးကြည်လင်ခြင်း၊ မတွေမဝေသေရခြင်း၊ သေလွန်သောအခါ မဂ်ဖိုလ်မရလျှင် ဗြဟ္မာပြည် ရောက်ရခြင်းစသည့် အကျိုးခံစားရပေသည်။ **အိပ်သော်ချမ်းသာ၊ နိုးခါသုခ၊ မြတ်လှအိပ်မက်၊ နှစ်သက်လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီး ရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမမှိုင်၊ ဗြဟ္မာတိုင်သား၊ ဆယ့်တစ်ပါးကို၊ ကျမ်းဂန်ဆိုသည်၊ ဗိုလ်လူအများ၊ မေတ္တာပွား** ဟု မေတ္တာအကျိုးကို မှတ်ရလွယ်ရန် ဖွဲ့ဆိုထားပါသည်။

ပို့သော မေတ္တာတွင် မိမိ မေတ္တာ ပို့မည့်သူ မည်သူမည်ဝါ မရည်ရွယ်၊ မပိုင်းခြားဘဲ ပို့သော **အနောဓိသမေတ္တာ**နှင့် မိမိမေတ္တာပို့မည့်သူ မည်သူမည်ဝါ ဖြစ်သည်ဟု ရည်ရွယ် ပိုင်းခြား၊ အမည်နာမတပ်၍ ပို့သော **ဩဓိသမေတ္တာ** ဟု မေတ္တာနှစ်မျိုးရှိပါသည်။ **အနောဓိသ မေတ္တာ**တွင် သဗ္ဗေသတ္တာ သတ္တဝါအားလုံး၊ သဗ္ဗေပါဏာ ထွက်သက် ဝင်သက် ရှိသူအားလုံး၊ သဗ္ဗေဘူတာ ကိုယ်ထင်ရှားရှိသူ အားလုံး၊ သဗ္ဗေပုဂ္ဂလာ ပုဂ္ဂိုလ်အားလုံး၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ အတ္တဘော၌ အကျုံးဝင်သော သတ္တဝါအားလုံး ပါဝင်သည်။ **ဩဓိသမေတ္တာ**တွင် သဗ္ဗဣတ္ထိယော မိန်းမအားလုံး၊ သဗ္ဗေပုရိသာ ယောကျ်ားအားလုံး၊ သဗ္ဗေအရိယာ အရိယာပုဂ္ဂိုလ်အားလုံး၊ သဗ္ဗေနအရိယာ ပုထုဇဉ်အားလုံး၊ သဗ္ဗေဒေဝါ နတ်ဗြဟ္မာအားလုံး၊ သဗ္ဗေမနုဿာ လူသားအားလုံး၊ သဗ္ဗေဝိနိပါတိကာ အသူရာနှင့် ပြိတ္တာအားလုံးတို့ ပါဝင်ပါသည်။

မေတ္တာပွားများကြရာတွင် မေတ္တာ၏ ရန်သူနှစ်မျိုးဖြစ်သည့် တဏှာရာဂနှင့် ဒေါသတို့ကို နှိမ်နင်းဖို့ရန် အရေးကြီးပါသည်။ မေတ္တာ၏ အကျိုးသက်ရောက်မှု ရရှိစေရန် ဒေါသကိုပယ်ဖျောက်နိုင်ရမည်ဖြစ်ပြီး မေတ္တာဘာဝနာပွားများသည့်အခါ **အတ္တ၊ ပိယ၊ မဇ္ဈတ္တ၊ ဝေရီ၊ သိမ်လေးသီ၊ အညီရှုကြရာ**ဟူသော ရှေးပညာရှိတို့၏ လင်္ကာနှင့်အညီ **အတ္တ=**မိမိကိုယ်ကို၊ **ပိယ=**ချစ်ခင်နှစ်သက်အပ်သောသူ၊ **မဇ္ဈတ္တ=**အလယ်အလတ်ဖြစ်သောသူ၊ **ဝေရီ=**ရန်သူတည်းဟူသော ပုဂ္ဂိုလ်ဟူ၍ နယ်ပယ်လေးရပ်ကိုခွဲခြားကာ အစဉ်အတိုင်း ပွားများကြရသည်။ ထိုသို့ ပွားများကြရာ၌ မည်သည့် ဘာသာစကားဖြင့် ပို့သည်ဖြစ်စေ မိမိစိတ်ကသာ ပို့သည့်ပုဂ္ဂိုလ်ထံသို့ ရောက်ရှိရန် အဓိကဖြစ်ပါသည်။ ယင်းမေတ္တာပွားသည့် နယ်ပယ်လေးရပ်တို့တွင် မိမိကိုယ်ကို စတင်၍ မေတ္တာပွားရခြင်းမှာ ကိုယ်ချင်းစာတရား ထားရှိစေရန် အတွက် ဖြစ်ပါသည်။ ထို့နောက် မိမိချစ်ခင်လေးစား၍ ကြည်ညိုသဒ္ဓါပွားရသော ဆရာတော် သံဃာတော်စသည့် သူတော်ကောင်းပုဂ္ဂိုလ်များ၊ အလယ်အလတ်ဖြစ်သောပုဂ္ဂိုလ်၊ ရန်သူစသည့် ပုဂ္ဂိုလ်တို့အပေါ် တစ်ဆင့်စီပြောင်း၍ မေတ္တာပွားများရပေမည်။ ဤနယ်ပယ်လေးရပ်အပေါ် အနိမ့်အမြင့်၊ အချစ်အမုန်း၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ တစ်မျိုးတည်း သဘောထား ပို့သပွားများပါက သီမာသမ္ဘေဒတည်းဟူသော မေတ္တာကမ္မဋ္ဌာန်း အထွတ်အထိပ်သို့ ရောက်ရှိနိုင်ပေမည်။

ဝါခေါင်လ၏ ရာသီပွဲတော်ဖြစ်သည့် စာရေးတံအလှူပွဲကား မြတ်စွာဘုရားရှင်လက်ထက်တော်ကပင် ပေါ်ထွန်းခဲ့သော အလှူပွဲဖြစ်ပါသည်။ စာရေးတံအလှူပွဲ ကျင်းပရာတွင် အလှူရှင်ဒါယကာများက မဲနှိုက်ကြသည်။ မဲပေါက်သော သံဃာအား လှူဒါန်းကြရသည်ကိုပင် စာရေးတံမဲပွဲဟု ခေါ်ဆိုခြင်းဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာဘုရားသခင် ကိုယ်တော်မြတ် လက်ထက်တော်အခါက ဘုရားရှင်ခွင့်ပြု ညွှန်ကြားတော်မူချက်အရ သံဃာတော်များက ရဟန်းတစ်ပါးကို ဆွမ်းညွှန်းသူ (ဘတ္တုဒ္ဒေသက)အဖြစ် သံဃသမ္မုတိ ပေးကာ တင်မြှောက် ထားကြရသည်။ တင်မြှောက်ခြင်းခံရသော သံဃာသည် အဂတိလေးပါး မလိုက်စားရခြင်း၊ ညွှန်းပြီး၊ မညွှန်းရ သေးတို့ကို သိရှိရခြင်းစသည့် အင်္ဂါရပ်များနှင့် ပြည့်စုံရမည်ဖြစ်သည်။ ဘုရားရှင်လက်ထက်အခါက ဆွမ်းညွှန်းသူအဖြစ် တင်မြှောက်ခံရသော ပုဂ္ဂိုလ်ကား မလ္လနမင်း၏သား ရှင်ဒဗ္ဗမည်သော ရဟန္တာမထေရ် ဖြစ်ပါသည်။

ဆွမ်းညွှန်းရဟန်းသည် စာရေးတံဆွမ်း ကိစ္စကို ဆောင်ရွက်သည့်အခါ မည်သည့်ဒကာလှူဒါန်းသည်ကို သိရှိစေရန် ဒကာ၏အမည်ကို ရေးသားထားသည့် သစ်သားနှစ်ဖြင့် ပြုလုပ်ထားသည့် အတံကလေးများကိုဖြစ်စေ၊ ဝါးခြမ်းပြား၊ နှီးပြား၊ ထန်းရွက်၊ ပေရွက်တို့ကိုဖြစ်စေ၊ မဲအဖြစ် ခြင်းတောင်း သို့မဟုတ် ဝါးကျည်တောက် သို့မဟုတ် သင်္ကန်းလိပ်ထဲ၌ ထည့်မွှေသည်။ ထပ်တလဲလဲ ထက်အောက်ပြောင်းပြန် လှုပ်ကာ အလှည့်အစဉ် ရောက်သည့် ရဟန်း၊ အလှည့်မရှိက မထေရ်ကြီးမှစ၍ စာရေးတံမဲကို နှိုက်ယူစေသည်။ စာရေးတံမဲကျသော သံဃာတော်များသည် စာရေးတံမဲ ကျရောက်သည့်အိမ်သို့ ဒကာ၏ ပင့်လျှောက်ချက်အရ အသီးသီး ဆွမ်းစားကြွရလေသည်။ အချို့က ဘွဲ့ရှင်ကိုယ်တော်ထံ ဆွမ်းအုပ်များပို့ကာ လှူဒါန်းကြသည်။ ဤသည်ကို စာရေးတံဆွမ်းအလှူပွဲ (သလာကဘတ်) ဟု ခေါ်ပါသည်။

ဘုရင်အမှူးပြုသော ရှေးမြန်မာတို့သည် သံဃာတော်များ တစုတဝေးတည်း စုဝေးတည်ရှိနေချိန် ဖြစ်သည့် ဝါတွင်းကာလဖြစ်သော ဝါခေါင်လတွင် ဆွမ်း၊ ကွမ်းကိစ္စအခက်အခဲ မဖြစ်စေရအောင်ရည်ရွယ်၍ ဤစာရေးတံမဲပွဲကို ကျင်းပခဲ့ကြပါသည်။ မူလက အစဉ်အလာအတိုင်း ဆွမ်းကိုသာ လှူဒါန်းကြသော်လည်းနောက်ပိုင်းတွင် သဒ္ဓါတရား ထက်သန်လျှင် ထက်သန်သည့် အလျောက် ပရိက္ခရာရှစ်ပါး အပါအဝင် သံဃာတော်တို့၏ အသုံးအဆောင်ပစ္စည်းတို့ကိုပါ ပဒေသာပင်သီး၍ စာရေးတံမဲချ လှူဒါန်းကြသည့်အပြင် ဘုရားထီးတော် တင်ပွဲ၊ သိမ်၊ ကျောင်း၊ ဇရပ် ရေစက်ချပွဲ၊ ဆွမ်းတော်ကြီး လောင်းလှူပွဲစသည့် သာသနာရေးဆိုင်ရာ အခမ်းအနားများတွင်သံဃာတော် များအား ပင့်ဖိတ်၍ လှူဖွယ်ပစ္စည်း အစုစုတို့ကို စာရေးတံမဲဖောက်၍ လှူဒါန်းလေ့ရှိလာကြသည်မှာ မြန်မာတို့၏ မြတ်နိုးဖွယ်ရာ ဓလေ့တစ်ခု ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် သင်္ဃန်းကျွန်းမြို့နယ် ရတနာသီရိလမ်း၊ ၈၀န လုံးချင်းအိမ်ရာနေ ဦးဝင်းမောင်တင်-ဒေါ်သန်းအေး မိသားစုက ဆရာမ ဒေါ်ဆွေဆွေဝင်း၏ မွေးနေ့အလှူအဖြစ် ငွေကျပ်နှစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျောက်ပန်းတောင်းအသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဩဂုတ် ၁၇

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲနှင့် အသက်(၇၅)နှစ်အထက် အသင်းဝင်မိသားစုများအား သက်ကြီးပူဇော်ပွဲကို စက်တင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ်သုံးထောင်ဖြင့်လည်းကောင်း၊ အခြားလှူဖွယ်ဝတ္ထုများကိုလည်းကောင်း ကျောင်းတိုက်ဆရာတော်ထံနှင့် အမှုဆောင်များထံ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သင်္ဃန်းကျွန်းမြို့နယ် ၁၆/၁ ရပ်ကွက်၊ ဇဋိလ၄လမ်းနေ ဦးဖေစိန်-ဒေါ်ကြည် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) သို့လှူဒါန်းရာ မော်တော်ယာဉ်အဖွဲ့ခေါင်းဆောင် ဦးအောင်ကြွယ်စိုး လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

(က-ပ)

မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုနှင်းသဘင်အခမ်းအနားကို ဩဂုတ် ၇ ရက်က ယင်းမာခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးပိုင်က ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသည့် ကျောင်းသူ မိခိုင်မြတ်သူအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၃၀၇)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၅ ခုနှစ် ဩဂုတ် ၁၇ ရက် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီ ၅၇ မိနစ် ၀၄ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၁၇ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၂၅) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဩဂုတ်၁၃ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက ပဉ္စမတန်းကျောင်းသား မောင်တတိုင်းမွှေးအား ဆုချီးမြှင့်စဉ်။

(ပြန်/ဆက်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာစက်မှုဇုန် ချင်းတွင်းရတနာခန်းမ၌ ဌာနဆိုင်ရာများ၊ မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ခေတ်မီ သံထည်ကိုင်တွယ်မှုနည်းပညာ ရရှိလာသည်နှင့်အမျှ နှီးနွှယ်ဆက်စပ်နေသည့် စက်မှုလုပ်ငန်းငယ်များ တိုးတက်လာမည်

✧ **ကျောဖုံးမှ**

သံပုံထောင်း အလုပ်ရုံ၌ ရောက်ရှိပြီး စက်ပစ္စည်းများနှင့် သံထည်ပစ္စည်းများ ပုံဖိဖြတ်တောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Ware House သို့ သွားရောက်၍ ကုန်ကြမ်း ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်ခုတ်စားအလုပ်ရုံ (Machine Shop)သို့ ရောက်ရှိကြရာ အလုပ်ရုံ တာဝန်ခံက စက်ခုတ်စားအလုပ်ရုံ၌ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကများက အပ်နှံထားသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ရှေးဦးစွာ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တပ်ဆင်ပြီးဖြစ်သည့် စက်ပစ္စည်းများနှင့် စက်ပစ္စည်းကိရိယာများ စက်ခုတ်စား ထုတ်လုပ်လျက်ရှိသည့် အခြေအနေများကို တာဝန်ရှိသူများက လှည့်လည် ရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် စက်ရုံ၏ ချင်းတွင်းရတနာခန်းမ၌ ဌာနဆိုင်ရာများ၊ မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က စက်ရုံတည်ဆောက်ရေး လုပ်ငန်းများနှင့် ပြီးစီးမှုများ၊ ဘဏ္ဍာငွေအခြေအနေ၊ စက်ရုံအတွက် လျှပ်စစ်မီးနှင့် ရေရရှိရေးဆောင်ရွက်ချက်များ၊ သံထည်ကုန်ကြမ်းဝယ်ယူ စုဆောင်းထားမှုများ၊ ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားမှုများ၊ အလုပ်ရုံအလိုက် ကုန်ပစ္စည်းထုတ်လုပ်နိုင်မှုများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းရှင်တစ်ဦးက ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ရုံနှင့် စပ်လျဉ်း၍ ရန်ပုံငွေရရှိရေး၊ ကျွမ်းကျင်လုပ်သားနှင့် စက်ပစ္စည်းများ ရရှိရေး၊ ဈေးကွက်ရရှိရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် စက်မှုအခြေခံရှိသော ဒေသများ၌ ပုဂ္ဂလိက စက်မှုဇုန်များ ထူထောင်အားပေးခဲ့သည်ကို အားလုံး သိရှိပြီးဖြစ်ကြောင်း။

ယင်းစက်မှုဇုန်များအနက် အခြေအနေအလားအလာကောင်းရှိသည့် မုံရွာ စက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် အေးသာယာ(တောင်ကြီး) စက်မှုဇုန်တို့၌ ခေတ်မီပုဂ္ဂလိက သံရည်ကျိုလုပ်ငန်းနှင့် ပုံလောင်း ပုံထောင်း သံခုတ်စားလုပ်ငန်း ဖြစ်ပေါ်လာအောင် မိမိတို့ ဘက်စုံမှ အားပေးခဲ့ရာ ယခုအခါ Foundry Shop, Machine Shop, Forging, Press & Heat Treatment Shop တို့ ပေါ်ထွက်လာကာ လုပ်ငန်းများ စတင်လည်ပတ်နေကြပြီဖြစ်ကြောင်း။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန် ခေတ်မီသံရည်ကျိုစက်ရုံက ထုတ်လုပ်သော Fly Wheel **များကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ခေတ်မီ သံထည် ပစ္စည်းကိုင်တွယ်မှု နည်းပညာ ရရှိလာသည်နှင့်အမျှ နှီးနွှယ်ဆက်စပ်နေသည့် စက်ပစ္စည်းထုတ်လုပ်သော အခြားစက်မှုလုပ်ငန်းငယ်များသည်လည်း ကြီးပွားတိုးတက်လာရမှာ ဖြစ်ကြောင်း။

မှာကြားနေ

ယခုပင် အစိုးရဌာနများကသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ ၎င်းတို့ လိုအပ်သော စက်ပစ္စည်း အစိတ်အပိုင်းများကို မှာကြားနေပြီဖြစ်ကြောင်း။

တစ်ဖက်မှ စက်ပစ္စည်းအစိတ်အပိုင်းများကို အရည်အသွေးရှိရှိ စံချိန်စံညွှန်း ပြည့်မီစွာ ထုတ်လုပ် ရောင်းချလုပ်ကိုင်ရင်း၊ တစ်ဖက်မှလည်း ပိုမို တိကျသေချာသော၊ အနုစိတ်နိုင်သည့် ခေတ်မီစက်ပစ္စည်းကိရိယာများကိုထပ်မံတပ်ဆင်ပြီးလုပ်ငန်းအဆင့်အတန်းကို မြှင့်တင်နိုင်ရန် လိုကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

☆ **နိုင်ငံတော် အစိုးရအနေဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် စက်မှုအခြေခံရှိသော ဒေသများ၌ ပုဂ္ဂလိက စက်မှုဇုန်များ ထူထောင်အားပေးခဲ့။**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အုံနှင့်ကျင်းနှင့် တစ်ပြိုင်တည်းတိုးတက်လာမှသာ နိုင်ငံတော်၏ စက်မှုလုပ်ငန်း အရှိန်အဟုန်ဖြင့်တိုးတက်ပြီး ခေတ်မီနိုင်ငံတော်အဆင့် တက်လှမ်းနိုင်မည်

ထို့နောက် Fly Wheel များ သံရည်ကျိုပုံသွန်းလောင်း ထုတ်လုပ်မှုများကိုလည်းကောင်း၊ သံရည်ကျိုအလုပ်ရုံ၌တပ်ဆင်ပြီးစီးသည့် စက်ပစ္စည်းများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ခေတ်မီသံရည်ကျိုစက်ရုံ

ဆက်လက်၍ Ware House ၌ ခင်းကျင်းစီစဉ်ပြသထားသည့် မန္တလေး ခေတ်မီသံရည်ကျိုစက်ရုံက ထုတ်လုပ်သော ထော်လာဂျီ Fly Wheel များ၊ Brake Shoe များ၊ Counter Weight များ၊ Brake Drum များ၊ Pulley များကို လည်းကောင်း၊ လေးလက်မ ရေအထွက်ပိုက်ဂေါက်၊ လေးလက်မ ရေအဝင်ဖလန်း၊ ရေခရူများ၊ ရေခရူအစိတ်အပိုင်းများ၊ Water Pump များ၊ Dynamo House များကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် Ware House ၌ စုဆောင်းထားသည့် လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။ ထိုမှတစ်ဆင့် စက်ပစ္စည်းအလုပ်ရုံ အမှတ်(၂)၌ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် စက်ပစ္စည်းများအား

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ ဌာနဆိုင်ရာများ၊ မန္တလေးစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တွေ့ဆုံရာတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှုများ၊ ခေတ်မီသံရည်ကျိုစက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းအတွင်းရှိ မိတ္ထီလာစက်မှုဇုန်နှင့် မြင်းခြံစက်မှုဇုန်တို့၏ အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတော်ဝင်စက်မှုလက်မှုကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ခေတ်မီသံရည်ကျိုစက်ရုံ တည်ဆောက်ခဲ့မှု၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကများက လုပ်ငန်းအပ်နှံသည့် စက်ပစ္စည်းများ ထုတ်လုပ်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက မန္တလေးစက်မှုဇုန်၏ လုပ်ငန်းဆောင်ရွက်နိုင်မှုများကိုလည်းကောင်း၊ ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်များအား ဝယ်သူစိတ်ကြိုက် ပြောင်းလဲထုတ်လုပ်နိုင်ရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်တင်ပြသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ခေတ်မီ သံရည်ကျိုစက်ရုံ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး

➪ စာမျက်နှာ ၆ မှ

ပုဂ္ဂလိက စက်မှုလုပ်ငန်းများ အုံနှင့်ကျင်းနှင့် တစ်ပြိုင်တည်းတိုးတက်လာမှသာ နိုင်ငံတော်၏ စက်မှုလုပ်ငန်းသည် အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီနိုင်ငံတော်အဆင့်ကို တက်လှမ်းနိုင်မှာဖြစ်ကြောင်း။

ရည်မှန်းချက်မြင့်မြင့်မားမားထား

ထို့ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ရည်မှန်းချက် မြင့်မြင့်မားမားထား၍ လမ်းကြောင်းမှန်အတိုင်းကြီးပွားတိုးတက် အောင်မြင်အောင် ကြိုးစားအားထုတ်ကြရန်လိုကြောင်း။

နိုင်ငံတော်အပိုင်းနှင့်ပုဂ္ဂလိကအပိုင်း ပူးပေါင်း၍ စက်မှုကဏ္ဍ တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားအားပေးပြီး စက်မှုလက်မှု လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေးအားပေး

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန်က ထုတ်လုပ်သည့် သုံးဘီးမော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်ငယ်များနှင့် ကုန်တင်ယာဉ်ကြီးများ၊ လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ၊ ချည်ထည်ပစ္စည်းများစသည်တို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဩဂုတ် ၁၆ရက် နံနက်ပိုင်းတွင် မန္တလေးစက်မှုဇုန်ရှိ ခေတ်မီ သံရည်ကျိုစက်ရုံသို့ရောက်ရှိကြပြီး ရှေးဦးစွာ သံရည်ကျိုအလုပ်ရုံ၌ တာဝန်ရှိသူများက သံရည်ကျိုအလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ဇယားကားချပ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ခုတ်စားနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် CNC Machine ဖြင့် စက်ပစ္စည်းအစိတ်အပိုင်း မျက်နှာပြင်ညှိခြင်းလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သံပုံထောင်း အလုပ်ရုံ၌ စက်ပစ္စည်းများရောက်ရှိတပ်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ ဌာနဆိုင်ရာများ၊ မန္တလေးစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ ထိုသို့တို့အတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သည့် ပံ့ပိုးအားပေးမှုများကို ဆက်လက်စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စက်ရုံအလိုက် စက်ပစ္စည်းများစွမ်းအားပြည့် အရည်အသွေး စံချိန်စံညွှန်းကောင်းကောင်း ထုတ်လုပ်နိုင်အောင် ကြိုးပမ်းကြပြီး အလိုအလျောက်စနစ်သုံးစက်များ တပ်ဆင်အသုံးပြုနိုင်သည့်အဆင့်သို့ ရောက်ရှိအောင် ဆက်လက် ကြိုးပမ်းသွားကြရန်မှာကြားပြီး စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

*** နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း ပူးပေါင်း၍ စက်မှုကဏ္ဍ တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာအောင်လုပ်ကိုင်၊**

*** စက်ရုံအလိုက် စက်ပစ္စည်းများ စွမ်းအားပြည့် အရည် အသွေး စံချိန်စံညွှန်းကောင်းကောင်း ထုတ်လုပ်နိုင် အောင်ကြိုးပမ်း၊**

*** အလိုအလျောက်စနစ်သုံးစက်များ တပ်ဆင်အသုံးပြုနိုင် သည့် အဆင့်သို့ရောက်ရှိအောင် ဆက်လက်ကြိုးပမ်း။**

စိတ်ခွာတ်ကောင်းမွန်သည့် တိုင်းရင်းသား ဆရာ၊ ဆရာမမျာ
ဒေသ၌ ဦးဆောင်နိုင်သည့် စည်းရုံးရေးမှူးများ၊ တည်ဆောက်ရေးသမားများအ

ကြီးမှူးများ၊ ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများက ကြိုဆိုကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ စီမံဌာနကြီးမှူးများ၊ ပါမောက္ခများ၊ ကထိကများ၊ လက်ထောက် ကထိကများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ် ဦးဇော်မင်းသိမ်းက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားခဲ့သည့် သင်တန်းအမျိုးအစားများ၊ ၁၉၆၄ ခုနှစ်မှ ယနေ့အထိ တက္ကသိုလ်က လေ့ကျင့်သင်ကြားမွေးထုတ်ခဲ့သည့် သင်တန်းသား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ခ
တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး
ပါမောက္ခချုပ်၊ စီမံဌာနကြီးမှူး၊ ပါ
သင်တန်းသား၊ သင်တန်းသူများက

☆ ရှေ့ဖုံးမှ

ဆက်လက်၍ ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးမောင်မောင်က မုံရွာမြို့ အစိုးရနည်းပညာကောလိပ်အဆောက်အအုံ တည်ဆောက်မှုနှင့် ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

နှုတ်ဆက်အားပေး

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး အစိုးရ ကွန်ပျူတာကောလိပ်နှင့် အစိုးရ နည်းပညာကောလိပ်တို့မှ ဆရာ၊ ဆရာမများအား နှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အစိုးရ နည်းပညာကောလိပ် သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ စီမံဌာနကြီးမှူးများ၊ ပါမောက္ခများ၊ ကထိကများ၊ လက်ထောက် ကထိကများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မဟာဗောဓိ တစ်ထောင်ကျောင်းတိုက်သို့ သွားရောက်ကြပြီး မဟာဗောဓိတစ်ထောင် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ကြိုဆို

ယင်းနောက် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးအောင်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလုကြည်၊ ပါမောက္ခချုပ် ဦးဇော်မင်းသိမ်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ စီမံဌာန

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာမြို့ အစိုးရ နည်းပညာကောလိပ်နှင့် အစိုးရ ကွန်ပျူတာကောလိပ်တို့မှ ဆရာ၊ ဆရာမများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ပြုစုစောင့်ရှောက်မှု၊ ဒေ
ပိုင်များ၏ ပံ့ပိုးကူညီမှု၊ တက္ကသိုလ်တာဝ
ဆက်ကလည်း ကိုယ်တိုင်ကိုယ်ကျ အား
အားထုတ် ကြိုးပမ်းမှုများကြောင့် ပြ
တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္
မှာ အရှိန်မပျက် ဆက်လက်တိုးတက်

ဆရာမများအဖြစ်သာမက
းသမားများအဖြစ်ပါ ပြုစုမွေးထုတ်

ကြီးမှူးများ၊ ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများက ကြိုဆိုကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ စီမံဌာနကြီးမှူးများ၊ ပါမောက္ခများ၊ ကထိကများ၊ လက်ထောက် ကထိကများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ် ဦးဇော်မင်းသိမ်းက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားခဲ့သည့် သင်တန်းအမျိုးအစားများ၊ ၁၉၆၄ ခုနှစ်မှ ယနေ့အထိ တက္ကသိုလ်က လေ့ကျင့်သင်ကြားမွေးထုတ်ခဲ့သည့် သင်တန်းသားဦးရေ၊ တက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားသွားသော တိုင်းရင်းသား မျိုးနွယ်စုများ၊ ထူးချွန် သင်တန်းသားများ၊ သင်တန်းသား၊ သင်တန်းသူများအတွက် ထောက်ပံ့မှုများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများ၊ သက်သာချောင်ချိရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက တိုင်းရင်းသား လူငယ်လူရွယ် ပညာတတ်များ မွေးထုတ်ရေး၊ စိတ်ဓာတ်ကောင်းမွန်သည့် တိုင်းရင်းသား ဆရာ၊ ဆရာမများ အဖြစ်သာမက ဒေသများ၌ ဦးစီးဦးဆောင်လုပ်နိုင်သည့် စည်းရုံးရေးမှူးများ၊ တည်ဆောက်ရေးသမားများအဖြစ်ပါ ပြုစုမွေးထုတ်ရေး၊ တိုင်းရင်းသား အချင်းချင်း ချစ်ခင်ရင်းနှီးပြီး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ထိထိရောက်ရောက် ပုံဖော်လုပ်ကိုင်နိုင်သည့် ဤတက္ကသိုလ်ကြီးအတွက် ဂုဏ်ယူမိပါကြောင်းနှင့် ဆရာ၊ ဆရာမများအားလည်း ကျေးဇူးတင်ပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်နှင့် စပ်လျဉ်း၍ ပင်လုံခန်းမ၌ ခင်းကျင်း စီစဉ်ပြသထားသည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမသို့ သွားရောက်၍ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ စီမံဌာနကြီးမှူး၊ ပါမောက္ခများ၊ ကထိက၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများက ကြိုဆိုနှုတ်ဆက်စဉ်။(သတင်းစဉ်)

ဝင့်ရှောက်မှု၊ ဒေသအာဏာ
တက္ကသိုလ်တာဝန်ခံ အဆက်
ိုင်ကိုယ်ကျ အဘက်ဘက်မှ
များကြောင့် ပြည်ထောင်စု
ား ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီး
လက်တိုးတက်လျက်ရှိနေ။

မှာကြား

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာ၌ မိမိတို့အဖွဲ့သည် ဧရာဝတီ အနောက်ဘက်ခြမ်း ပခုက္ကူဒေသအတွင်းသို့ လှည့်လည်သွားရောက်၍ ဒေသ စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုနှင့်အတူ ဒေသ၏ စီးပွားရေး အခြေအနေ တိုးတက်လာရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံဖူလုံရေးစသည့် ကောင်းမှု ကောင်းကျိုးဖော်ထုတ်လုပ်ကိုင်နေသည့် အခြေအနေအရပ်ရပ်ကို အနီးကပ်လေ့လာ၍ လိုအပ်သည်များကို ဆက်စပ်ညှိနှိုင်း အထောက်အကူပြုပေးခဲ့ပြီးနောက် စစ်ကိုင်းတိုင်းအတွင်း ရောက်ရှိကာ ဤတက္ကသိုလ်ကြီးကိုလည်း ယခုကဲ့သို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ ပြုစုစောင့်ရှောက်မှု၊ ဒေသအာဏာပိုင်များ၏ ပံ့ပိုးကူညီမှု၊ တက္ကသိုလ်တာဝန်ခံ အဆက်ဆက်ကလည်း ကိုယ်တိုင်ကိုယ်ကျ အဘက်ဘက်မှ အားထုတ်ကြိုးပမ်းမှုများကြောင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးမှာ အရှိန်မပျက် ဆက်လက်တိုးတက်လျက် ရှိနေသည်ကို တွေ့ရှိရသကဲ့သို့ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ သွင်ပြင်လက္ခဏာမှာလည်း ပညာလိုလားမှုနှင့် လိမ္မာသိမ်မွေ့ ရင့်ကျက်မှုရှိနေကြောင်း ပေါ်လွင်နေသဖြင့် အားရကြည်နူးမိပါကြောင်း။

မိမိတို့နိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသား လူမျိုးစုံညီစွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူအခြေချ နေထိုင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း။

လူမျိုးစု နာမည်အခေါ်အဝေါ် အမျိုးမျိုး ရှိနေစေကာမူ ဒေသအလိုက် တစ်ဦးနှင့် တစ်ဦး အေးအတူ ပူအမျှ နီးနီးကပ်ကပ် ပူးပေါင်းနေထိုင်ခဲ့သည့် ခိုင်မြဲသော အစဉ် အလာကောင်း ရှိပြီးဖြစ်ကြောင်း။

ဤသည်မှာ မိမိနိုင်ငံ၏ သမိုင်းအစဉ်အလာအရ တိုင်းရင်းသား လူမျိုးအချင်းချင်း ဥမကွဲ သိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုတို့ဖြင့် ချစ်ကြည်စွာ နေထိုင်သည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံ ရှင်သန်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၊ မိမိတို့၏ အခြေအနေအရ တိုင်းရင်းသားလူမျိုး ညီအစ်ကိုများအကြား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နေရန်မှာ အသက်တမျှ အရေးကြီးကြောင်း၊

ဤတက္ကသိုလ်သည် တက္ကသိုလ်၏ အမည်နှင့် လိုက်လျောညီထွေစွာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပွားများနေအောင် လေ့ကျင့်သင်ကြားနိုင်ရန် အရေးကြီးကြောင်း။

ဘာသာရပ်ဆိုင်ရာများကို သင်ကြားပေးရုံသာမက မိမိတို့ တိုင်းရင်းသား ညီအစ်ကိုများ ဖွံ့ဖြိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တိုးတက်စေရမည်ဆိုသည့် ခံယူချက် ခိုင်မာလာစေရန်၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအကြား ဥမကွဲသိုက်မပျက် အတူယှဉ်တွဲ ချစ်ကြည်စွာ နေထိုင်လိုသည့် ပြည်ထောင်စု စိတ်ဓာတ် ထွန်းကားပြန့်ပွားလာစေရန် လေ့ကျင့် သင်ကြားပေးရမှာ ဖြစ်ကြောင်း။

အလေးအနက်ထားရှိ

ဤသဘောထား ခံယူချက်ကို အမြဲအလေးအနက် ထားရှိရန် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထပ်ကာထပ်ကာ အကြိမ်ကြိမ် လမ်းညွှန်မှုများ ပြုပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း ဆရာ၊ ဆရာမများသည် စာသင်ကြားသည့် ဆရာများအဖြစ်သာမက တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ အသိပညာ တိုးတက်လာရေး၊ ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် ယုံကြည်ချက် ခံယူချက် ပြင်းပြသည့် စည်းရုံးရေးမှူးများလည်း ဖြစ်နေရမှာဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး

နိုင်ငံတော် အစိုးရ အပိုင်းကလည်း နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးကို ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်၍ ရှေ့ဆောင်ရှေ့ရွက်ပြု လုပ်ကိုင်နေရာ ဆရာ၊ ဆရာမများ ကလည်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပင်လုံခန်းမ၌ ပြသထားသည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆရာ၊ဆရာမများက ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများ ထမ်းဆောင်နိုင်ကြရမည်

✡ စာမျက်နှာ ၉ မှ

ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ လက်တွေ့ကျကျ ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည် တည်ဆောက်ရေး လုပ်ငန်းများကို ထမ်းဆောင်နိုင်ကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆရာဆရာမများ၊ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြတိုက်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်စာကြည့်တိုက်နှင့် ပြတိုက်သို့ သွားရောက်၍ ရှေးဦးစွာ ပြတိုက်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်ရှိ E-Library၊ Learning Center နှင့် စာအုပ်စာစောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စားပင်၊ သီးပင် ၅၀ ခန့် ပျိုးထောင်ထားသည့် ပျိုးဥယျာဉ်ကိုလည်းကောင်း၊ ပျိုးဥယျာဉ်၌ ရေတွက်ကောင်းပင်များ ဖြစ်ထွန်းအောင်မြင်မှုကို လည်းကောင်း ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် စစ်ကိုင်းမြို့ ဒေသခံတပ်မဌာနချုပ်သို့ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဧရာဝတီတံတား(ရတနာပုံ)

ထို့နောက် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း စစ်ကိုင်းဘက်ကမ်းသို့ သွားရောက်ကြပြီး ရှေးဦးစွာ ချဉ်းကပ်လမ်း ဖောက်လုပ်နေမှု၊ ရထားလမ်းတာပေါင် မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းဘက်ကမ်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းနှင့် မန္တလေးဘက်ကမ်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်တို့က ချဉ်းကပ်လမ်းလုပ်ငန်း၊ ချဉ်းကပ်တံတားလုပ်ငန်း၊ ပင်မတံတားသံပေါင် တပ်ဆင်တည်ဆောက်ရေးလုပ်ငန်းများနှင့် လုပ်ငန်းကဏ္ဍအလိုက် ပြီးစီးမှုများကို တင်ပြကြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မန္တလေးဘက်ခြမ်း ရထားလမ်း ဖောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မေးမြန်းမှာကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က လိုအပ်သည်များကို မေးမြန်းမှာကြားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရေယာဉ်ဖြင့် မန္တလေးဘက်ကမ်းသို့ ထွက်ခွာကြပြီး ရေလယ်တိုင်များ တည်ဆောက်ပြီးစီးမှု၊ ပင်မတံတားသံပေါင်အချို့ တပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်တပ်ဆင် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မန္တလေးဘက်ကမ်းသို့ရောက်ရှိကြပြီး ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

စုစုပေါင်း တံတားအရှည် ၅၆၁၄ ပေနှင့် ယာဉ်သွားလမ်းအကျယ် ၄၉ပေ (လေးလမ်းသွားကားလမ်း) ပါရှိမည့်ဧရာဝတီတံတား(ရတနာပုံ)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာများက ကြိုးပမ်းတည်ဆောက်လျက် ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးနောက် မန္တလေးမြို့ ကမ်းနားလမ်း ခြောက်လမ်းသွားလမ်းမကြီး၊ မန္တလေးမြို့ ကန်တော်ကြီး၊ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်နှင့် သင်္ဂဇာချောင်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၁၅ ရက် ညနေပိုင်းတွင် မန္တလေးမြို့ တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံး၌ အထက်မြန်မာပြည်ရှိ ကျန်းမာရေးဌာနများမှ ဆရာဝန်ကြီးများ၊တာဝန်ရှိသူများအား တွေ့ဆုံ၍ မိခင်၊ ကလေးနှင့် ကျောင်းကျန်းမာရေး ကိစ္စရပ်များ၊ငှက်ဖျား၊ တီဘီ၊ HIV ကာကွယ်တားဆီးရေး စသည့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။(သတင်းစဉ်)

ဩဂုတ် ၁၇ ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ်(၆၀)မြောက် လွတ်လပ်ရေးနေ့ ညည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Wyoso Prodjowarsito နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၀၅
(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မြေလွှာကိုဖွင့် ပြည်ကိုမြှင့်အံ့ အပိုင်း(၂)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	သတင်းကောင်း (သျှားညို၊ဆုပန်ထွာ၊ပွင့်)
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	ရှုချင်စရာ မျက်လှည့်ပဒေသာ
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် တွေ့ဆုံခြင်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	မိုးလေဝသခန့်မှန်းချက်
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	လက်ဆင့်ကမ်းဝေဂီတအမွေ (ဒုံမင်း)
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	တမာပိုးသတ်ဆေး
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	တစ်ရက် ၂၅ တန်ကျ ငါးအမှုန့်ကြိတ်စက်ရုံ (မြိတ်မြို့)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ဖန်တီးသူတို့အနုပညာ (ရုပ်ပြောင်း/ရုပ်လွှဲ)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၄နာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ ၄ ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ် လိုင်း

၁၀း၀၀	Fulham-Birmingham 5-Cartoons (Delay)

ကန်တော်ကြီး၏ သဘာဝအလှများ မပျက်စီးစေရေး ဂရုပြုထိန်းသိမ်း သဘာဝဥယျာဉ်တည်ဆောက်မှုလုပ်ငန်းများ အမြန်ပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ကန်တော်ကြီး သဘာဝဥယျာဉ်ပညာပေးဇုန်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေးပြတိုက်၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

သစ်တောဇုန်

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းများကို ပညာပေးဇုန် (Education Zone)၊ အနားယူနှင့် လေ့ကျင့်ခန်းဇုန် (Relaxation Zone)၊ အပန်းဖြေဇုန် (Recreation Zone) နှင့် သစ်တောဇုန် (Central Forest Zone) ဟူ၍ ဇုန်ကြီးလေးဇုန်ခွဲ၍ ဆောင်ရွက်ခဲ့ရာ ဇုန်သုံးဇုန်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်ရှိသည့် သစ်တောဇုန် (Central Forest Zone)ကိုလည်း မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ ကျွန်းဆက်လမ်းများ၊ ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း ပတ်လမ်း၊ ပုပ္ပားတာဝါတည်ဆောက်မှုနှင့် ရေကူးကန် တည်ဆောက်မှုများ အမြန်ပြီးစီးအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ တည်ဆောက်ပြီးသည့် အဆောက်အအုံများ ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုများကို မပြတ်စစ်ဆေးဆောင်ရွက်ကြစေလိုကြောင်း၊ကန်တော်ကြီး သဘာဝဥယျာဉ်၏ သဘာဝအလှများ မပျက်စီးစေရေးနှင့် ကန်တော်ကြီးရေပြင်အစဉ်သန့်ရှင်းရေးအတွက် ဂရုပြုကြပ်မတ် ထိန်းသိမ်းကြစေလိုကြောင်း၊ တည်ဆောက်မှုလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် ဇုန်များအလိုက် တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ကြစေလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အနားယူနှင့် လေ့ကျင့်ခန်းဇုန်ရှိ ငါးပြတိုက်အဟောင်းနေရာ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်လျက်ရှိမှု၊ ပုပ္ပားတာဝါ တည်ဆောက်ပြီးစီးမှု၊ ကန်တော်ကြီးအတွင်းပတ်လမ်း ဖောက်လုပ်ခြင်း ၂၅ရာခိုင်နှုန်းပြီးစီးမှုနှင့် သစ်တောဇုန်အတွင်း လမ်းခင်းကျင်းပြီးစီးမှုများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် စွမ်းအင်ဝန်ကြီးဌာနက ကူညီဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးက ဇုန်များအလိုက် တည်ဆောက်မှုလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းမီစေရေးအတွက် အရည်အသွေး စစ်ဆေးထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းက သစ်တောဇုန်အတွင်း ဇုန်အဝင်မုခ်ဦးတံခါးနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မကြာမီ ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုတို့ကို လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက ပညာပေးဇုန်အတွင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုကိုလည်းကောင်း၊ဟိုတယ်နှင့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အပန်းဖြေဇုန်အတွင်း ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိမှုကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန မြန်မာ့ခရီးသွားလုပ်ငန်းဌာန အထွေထွေမန်နေဂျာ ဦးရန်နိုင်က ကန်တော်ကြီး သဘာဝဥယျာဉ်နှင့် ပတ်ဝန်းကျင်အတွင်း စားသောက်ဆိုင်များ ဖွင့်လှစ်ထားရှိမှုကို လည်းကောင်း၊ Wood Land Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က ပညာပေးဇုန်အတွင်း ရေကူးကန်နှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ဇုန်များအလိုက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပုပ္ပားတာဝါ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ပညာပေးဇုန်အတွင်း Wood Land Co., Ltd က တည်ဆောက်လျက်ရှိသည့် ရေကူးကန်နှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ သစ်တောဇုန်အတွင်း ပုပ္ပားတာဝါ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၌ သီတင်းသုံးတော်မူလျက်ရှိကြသော သင်ကြားစီမံဆရာတော်များနှင့် စာသင်သံဃာတော်အပါး ၄၅၀တို့အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့် ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအားဝန်ကြီးက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၂၈၅၂၅၀ ကို ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က လက်ခံသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဩဂုတ် ၁၄ ရက်က ရန်ကုန်မြို့ (၃၇)လမ်း ကျောက်တံတားမြို့နယ်နေ ဦးစန်းထွန်းအောင်-ဒေါ်တင်တင်ဝေ၊သား မောင်ညီဝင့်ငယ်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။(က-ပ)

မြန်မာ့ခရီးသွားလုပ်ငန်းဌာနက ပြည်တွင်းခရီးသွားများအတွက် ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာ့ခရီးသွားလုပ်ငန်းသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာနှင့် စရိတ်သက်သာစွာ ခရီးသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းခရီးသွားများအတွက် ဘုရားဖူးခရီးစဉ်၊ ဒေသန္တရ လေ့လာရေးခရီးစဉ်၊ အပန်းဖြေခရီးစဉ် စသည့်ခရီးစဉ်မျိုးစုံရေးဆွဲထားရာတွင် ရန်ကုန်မြို့ပတ်ဝန်းကျင်လေ့လာရေးခရီးစဉ်၊ ရန်ကုန်-ပဲခူး ခရီးစဉ်(တစ်ည/နှစ်ရက်)၊ ရန်ကုန်-ကျိုက်ထီးရိုး-မော်လမြိုင်ခရီးစဉ်(နှစ်ည/သုံးရက်)၊ ရန်ကုန်-ဟင်္သာတ-ခနုဖြူ-ဇလွန်-ရန်ကုန်နေ့ချင်းပြန်ခရီးစဉ်၊ ရန်ကုန်-ပုသိမ်-ရန်ကုန်(တစ်ည/နှစ်ရက်)စသည့် ခရီးစဉ်များအပြင် ရန်ကုန်- မြစ်ကြီးနား-ရန်ကုန်ခရီးစဉ်၊ ရန်ကုန်-ကော့သောင်း-ရန်ကုန်ခရီးစဉ်၊ ရန်ကုန်-တာချီလိတ်-ရန်ကုန်ခရီးစဉ်၊ ရန်ကုန်-လားရှိုး-မူဆယ်-ရန်ကုန်ခရီးစဉ်များကိုလည်း စတင်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

အထူးခရီးစဉ်အဖြစ် နယ်အသီးသီးမှ မြို့တော်ရန်ကုန်သို့ လာရောက်လည်ပတ်ရန်နှင့် ဘုရားစုံဖူးလိုသူများအတွက် ရန်ကုန်မြို့တွင် အဆင့်မြင့်ဟိုတယ်များဖြစ်သည့် ဒူးဆစ်အင်းလျားလိတ်၊ သမ္မတ၊ မြရိပ်ညိုရွှင်ရယ်ဟိုတယ်များတွင် တည်းခိုနိုင်ရန် စီစဉ်ထားပြီး မြန်မာ့ခရီးသွားလုပ်ငန်းပိုင်ယာဉ်များဖြင့် အထူးနှုန်းနှင့် ပို့ဆောင်နိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

အဆိုပါ ခရီးစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ်(၇၇-၉၁) ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့ ဖုန်း-၂၅၂၈၅၉၊ ၃၈၇၀၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနသို့ စီဒီရွှမ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိMICT Park၌ ကျင်းပသော Computer Marketing Co., Ltd. က သာသနာရေးဝန်ကြီးဌာနသို့ "ရှုမြင်စမ်းချင် မြန်ပြည်တစ်ခွင်" Multimedia CD Rom များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနသို့ "ရှုမြင်စမ်းချင် မြန်ပြည်တစ်ခွင်" Multimedia CD Rom အချပ်ရေ ၅၀ကို Computer Marketing Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွန်းဖေက ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ်** **-Public International Law.** **(တတိယနှစ်-ဥပဒေပညာ)**
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ **ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၂၃)**
- ၆:၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့ရဲ့သစ္စာနယ်မြေ" (အပိုင်း-၁၃)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြဝတီရဲ့မြဝတီ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာရတောခြေ" (အပိုင်း-၁၉)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)စစ်ဆေး စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက်ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှေးဦးစွာ ဝန်ကြီးသည် သန်လျင် ရေနံချက်စက်ရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သော ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ဝန်ကြီးအား စက်ရုံမှူး ဦးခင်မောင်ရွှေက ရေနံစိမ်းချက်လုပ်မှုနှင့် ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း၊ ကတ္တရာရောက်ရှိမှုနှင့် ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက နိုင်ငံတော်ပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းများ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် သန်လျင် ရေနံချက်စက်ရုံ လည်ပတ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် အမှတ် (၁) ဆိတင်ဆိချ ဆိပ်ခံတံတားသို့ ရောက်ရှိပြီး ကတ္တရာသင်္ဘော MV- Salamat- 3 မှ ကတ္တရာများ ချယူနေမှုအခြေအနေနှင့် သိုလှောင်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ ကတ္တရာစည်သွတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ပြည်နယ် တိုင်းအသီးသီးမှ ကတ္တရာများ လာရောက်ထုတ်ယူနေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ စည်းကမ်းချက်များ ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၆ ခုနှစ် မတ် ၂၇ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ကဗျာပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ၊ တပ်မတော်၏ အစဉ်အလာ (၁၂)ရပ်၊ တပ်မတော် အား(၁၀)ပါး၊ တပ်မတော်၏ စွမ်းရည်(၃)ရပ်၊ မြန်မာ့သမိုင်းခေတ် အဆက်ဆက်တွင် ရှေးခေတ် မြန်မာ့တပ်မတော်၊ မြန်မာ့လွတ်လပ်ရေးတပ်မတော်၊ မြန်မာ့ကာကွယ်ရေး တပ်မတော်၊ မြန်မာ့မျိုးချစ်တပ်မတော်၊ မြန်မာ့တပ်မတော်နှင့် လက်ရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)တို့၏ နိုင်ငံတော် ကာကွယ်ရေး၊ နယ်ချဲ့တွန်းလှန်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ သောင်းကျန်းမှုနှိမ်နင်းရေး၊ သမိုင်းဝင်စွမ်းဆောင်မှုများ၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်၏ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော် တည်ဆောက်ရေး စွမ်းဆောင်ကြိုးပမ်းမှုများ စသည့် အကြောင်းအရာများကို ရေးဖွဲ့ရန် ဖြစ်သည်။

ကဗျာပြိုင်ပွဲကို အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ ခွဲခြားကျင်းပသွားမည်။ အဆင့်တစ်ဆင့်စီတွင် ကဗျာရှည်ပြိုင်ပွဲနှင့် ကဗျာတိုပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုးပါဝင်မည်။

အဆင့်ခွဲခြားပုံမှာ တပ်မတော်နေ့ ကဗျာပြိုင်ပွဲ၊ အမျိုးသားဆောင်ပုဒ်များ ကဗျာပြိုင်ပွဲ၊ စာပေဗိမာန် စာမူဆုပြိုင်ပွဲ၊ ပခုက္ကူဦးအုံးဖေ စာပေဆု ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့သူများနှင့် အမျိုးသားစာပေဆုရရှိသူများသည် အဆင့်(၁)ဟုလည်းကောင်း၊ အဆိုပါ ဆုများမရရှိသေးသူများကို အဆင့်(၂)ဟု လည်းကောင်း သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်တစ်ဦးသည် အကြုံးဝင်သည့် အဆင့်(၁)ဆင့်တွင်သာ ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင်တစ်ဦးသည် မိမိယှဉ်ပြိုင်သည့် အဆင့်ရှိ ကဗျာရှည်ပြိုင်ပွဲ၊ ကဗျာတိုပြိုင်ပွဲအမျိုးအစား နှစ်မျိုးစလုံးတွင် ဖြစ်စေ၊ ကြိုက်နှစ်သက်ရာ တစ်မျိုးတွင်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် အမျိုးအစားတစ်မျိုးတွင် ကဗျာတစ်ပုဒ်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကဗျာတိုတွင် ပါဒ ၁၀၀မှ ၃၀၀ထိ၊ ကဗျာရှည်တွင် ပါဒ ၁၀၀၀မှ ၂၀၀၀ ထိ ရေးစပ်နိုင်သည်။ ကဗျာတိုတွင် ပါဒအပိုအလို ၃၀၊ ကဗျာရှည်တွင် ပါဒအပိုအလို ၅၀သာ ခွင့်ပြုမည်။ မြန်မာကဗျာစပ်ထုံး၊ ကဗျာစပ်နည်း မှန်ကန်ရမည်။ ကာရန်မဲ့ မော်ဒန်ကဗျာ လက်မခံပါ။ စာမူကို စာမျက်နှာတစ်ဖက်တည်းတွင် သန့်ရှင်းသေသပ်စွာ ရေးသားပြီး မိတ္တူသုံးစောင် ပေးပို့ရန် ဖြစ်သည်။

ပြိုင်ပွဲဝင်သူ၏အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ ဟူသော အချက်ခြောက်ချက်နှင့်တကွ ကိုယ်တစ်ပိုင်းပုံ (၂ လက်မ x ၂လက်မခွဲ) အရွယ် ရောင်စုံဓာတ်ပုံ သုံးပုံ ပူးတွဲပေးပို့ရမည်။

ဆုရကဗျာများကို နိုင်ငံတော်က သုံးစွဲခွင့်ရှိသည်။ ပင်ကိုရေး ကဗျာဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြခြင်း မရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်။

ပြိုင်ပွဲဝင်ကဗျာစာမူများ နောက်ဆုံးထား ပေးပို့ရမည့်ရက်မှာ ၃၁-၁-၂၀၀၆ ရက်နေ့ဖြစ်ပြီး ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း) (မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာပေဗိမာန် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂ထံသို့ လိပ်မူ၍ ပေးပို့ကြရန် ကြေညာချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စပါးစိုက်ခင်း၌ ငါးမျိုးစိုက်ထည့်ပေး

ရန်ကုန် ဩဂုတ် ၁၇

စပါးပိုမိုထွက်ရှိရေးနှင့် သားငါးကဏ္ဍ တိုးတက်ရေးကို မျှော်မှန်း၍ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်း၍ စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ဩဂုတ် ၇ရက်တွင် ရေးမြို့နယ် အစင်စံပြကျေးရွာ၌ ကျင်းပရာ ရေးတပ်နယ်မှ ဗိုလ်မှူးကြီးချိုထွန်းအောင်နှင့် တပ်မတော်အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊တောင်သူလယ်သမားများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေးတပ်နယ်မှ ဗိုလ်မှူးကြီး ချိုထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဝင်းကြည်က စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးတင်ပြသည်။ ထို့နောက် လယ်သမားများ၏ စပါးစိုက်ခင်းဧက ၆၀၌ ငါးမျိုးများကို စိုက်ထည့်ပေးသည်။

(အပေါ်ဝဲပုံ) (သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ ပဋိဇီဝဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း (မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Amoxy 500 Capsule (Amoxicillin 500mg)	Shanghai Qing An Pharmaceutical (Group) Co., Ltd.., Shanghai	China
၂။	Moxilin Capsule 250 (Amoxycillin 250 mg)	Nida Pharma Incorporation Co., Ltd.	Thailand
၃။	Comox Tablet (Sulfamethoxazole 400 mg) Trimethoprim 80 mg	TO Pharma Co., Ltd.	Thailand
၄။	Tetracyline 250 mg Gelules	SDXIERKT Yanzhou Xier Kangtai Pharmaceutical Co., Ltd.	-
၅။	Newtamox for Oral Suspension (Amoxycillin Trihydrate eq.to Amoxycillin anhydrous 125mg/5ml)	New Life Pharma Co., Ltd.	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုပါရန်နှင့်တွေ့ရှိပါက အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကျေးလက်တံတား

ဩဂုတ် ၁၂ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအေးချို ဦးဆောင်သော လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သံဖြူဇရပ်မြို့နယ် ဒုံခနိကျေးရွာ အဝင် အုတ်ခုံ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု လုပ်ငန်းကို တိုင်းထွာစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ ရှေးဟောင်းသမိုင်းဝင် စိန္တာမုနိ စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပထမအကြိမ် သင်္ကန်းနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအတွက် တိုင်းရင်းသမားတော်ကြီး မိုးကုတ် ဦးကျော်စိန် (ဖြူစင်မေတ္တာ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း)က ကျပ် ၇၉၂၀၀ ဖိုးရှိ တိုင်းရင်းဆေးများနှင့် အလှူတော်ငွေ ကျပ်တစ်သောင်းကို ဩဂုတ်၁၇ရက်တွင် ပေးအပ်လှူဒါန်းရာ ဗုဒ္ဓပူဇနိယအဖွဲ့ နာယက ဦးစိုးဝင်းနှင့် ဥက္ကဋ္ဌ ဦးဘိုကြည်တို့က လက်ခံရယူကြစဉ်။ (၆၁)

မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားပွဲ ကမ္ဘောဇက မြို့တော်စည်ပင်ကို အနိုင်ရ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက မြို့တော်စည်ပင်အသင်းကို တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် တက်ရောက်သွားသည်။

ကမ္ဘောဇအသင်း –တစ်ဂိုး၊
(ထွန်းမင်းဦး)
မြို့တော်စည်ပင် –ဂိုးမရှိ၊
ဒိုင်လူကြီး ဦးဝင်းဦး

အဆင့်မြင့်တန်း သက်တမ်းနုသေးသော ကမ္ဘောဇအသင်းသည် တစ်အုပ်စုတည်းမှ အသင်းကြီးများဖြစ်သည့် ကာကွယ်ရေးနှင့် မြို့တော်စည်ပင်တို့ကို အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်သွားပြီဖြစ်သည်။

နှစ်သင်းစလုံး ဂိုးရရှိရေးအတွက် တိုက်စစ်ကို ဖွင့်ကစားကြရာမှ ၁၀မိနစ်တွင် လင်းဇော်ထိုက်ဆွဲပြေးပြီး ဖြတ်ပို့သော ဘောလုံးကို တိုက်စစ်မှူး ထွန်းမင်းဦးက အပိုင်ပိတ်သွင်းလိုက်၍ ကမ္ဘောဇအသင်း တစ်လုံးတည်းသော အနိုင်ဂိုး ရရှိသွားသည်။ မြို့တော်စည်ပင်အသင်းသည် သရေကျလျှင်ပင် အုပ်စုက တက်နိုင်မည်ဖြစ်၍ ချေပဂိုးရရန် ကြိုးစားသော်လည်း ကမ္ဘောဇအသင်းက ကွင်းလယ်မှစ၍ အဆင့်ဆင့် ပိတ်ဆို့ဖျက်ထုတ်နေ၍ ဂိုးမရဘဲတစ်ဂိုးတည်းဖြင့် ကပ်၍ရှုံးသွားရသည်။

(ဂ)အုပ်စုပွဲစဉ်များ ယနေ့ပြီးဆုံးသွားရာ စွမ်းအင်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ ကမ္ဘောဇအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

(ယနေ့ပွဲ)

(သုဝဏ္ဏကွင်း)
ပို့ဆောင်ရေးနှင့် ဘဏ္ဍာ/အခွန်၊
(အောင်ဆန်းကွင်း)
သစ်တောရေးရာနှင့် စွန်ရဲ။

(ကြေးမုံ)

အုပ်စုနောက်ဆုံးပွဲ၌ မြို့တော်စည်ပင်ကို ခြေစွမ်းပြ အနိုင်ယူပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသော ကမ္ဘောဇဘောလုံးအသင်းကို ပွဲအပြီး၌တွေ့ရစဉ်။

(ကြေးမုံ)

ဆိပ်ကမ်းဓမ္မာရုံကြီး၌ တရားတော်များဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၇

၁၃၆၇ ခုနှစ် ဝါခေါင်လပြည့်နေ့ ဩဂုတ် ၁၉ရက်(သောကြာနေ့)မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေး မဟာဂန္ဓာရုံကျောင်းတိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်က လည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးတိုင်း ရွှေဘိုမြို့ ပခန်းကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တဝိမလာဘိဝံသ အရှင်သူမြတ်က လည်းကောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အာရှသက်တန်းအလိုက် ရေကူးပြိုင်ပွဲ မြန်မာအဖွဲ့ ပါဝင် ယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၇

ဩဂုတ် ၁၇ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အာရှသက်တန်းအလိုက် တံခွန်စိုက် ရေကူးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း (ဥက္ကဋ္ဌ ၊ ACE ဆောက်လုပ်ရေးလုပ်ငန်း)ခေါင်းဆောင်သော မြန်မာရေကူးအဖွဲ့သည် ယနေ့ညနေ ၅နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အပေါ်ပုံ)

မြန်မာရေကူးအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း(ACE ဆောက်လုပ်ရေးလုပ်ငန်း) အုပ်ချုပ်သူအဖြစ် အဖွဲ့ချုပ် အမှုဆောင် ဦးခင်မောင်ပြုံး၊ ဒိုင်ဗင်အုပ်ချုပ်သူအဖြစ် ဦးတင်ဝင်း၊ အတွင်းရေးမှူးအဖြစ် ဦးကျော်ဦး၊ လက်ထောက် ညွှန်ကြားရေးမှူး (အား/က)၊ ဒိုင်လူကြီးတစ်ဦး၊ ရေကူးနည်းပြဆရာ တစ်ဦး၊ ဒိုင်ဗင်နည်းပြဆရာ နှစ်ဦး၊ လေ့လာသူတစ်ဦး၊ ရေကူးအားကစားသမား အမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ဒိုင်ဗင်အားကစားသမား အမျိုးသားလေးဦး၊ အမျိုးသမီး လေးဦး၊ စုစုပေါင်း ၂၀ လိုက်ပါသွားကြသည်။ (ကြေးမုံ)

အာစရိယပူဇော်ပွဲ ကျင်းပရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၁၇

မော်လမြိုင် ကောလိပ်/တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထ အကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် အဌမအကြိမ် ညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၆ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ တော်ဝင်နှင်းဆီ စားသောက်ဆိုင်၌ကျင်းပရာ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အမှုဆောင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။ (က–ပ)

တစ်ပြည်လုံးတွင် မိုးလျော့နည်းမည်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်း(အောက်ပိုင်း)တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တောင်ကုတ်မြို့တွင် ၇ ဒသမ ၇၂လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၇၃ လက်မ၊ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၂၁လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၁၁လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၆၀လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၈၅လက်မနှင့် မိုးကုတ်မြို့တွင် ၁ ဒသမ ၇၃လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဩဂုတ် ၁၈ရက်နေ့ ညနေအထိ ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးရွာမည်၊ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းမည်။

ညီအစ်ကို မောင်နှမများ၏ မေတ္တာသရုပ်ဖော် ချစ်ခြင်းဖွဲ့မေတ္တာ ဇာတ်ကားသစ် ရုံတင်မည်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဩဂုတ် ၁၇

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်တစ်ကား ဖြစ်သည့် **"ချစ်ခြင်းဖွဲ့မေတ္တာ"** တစ်ကားတည်းသာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံတွင် တင်ဆက်ပြသမည် ဖြစ်သည်။ ပြသဆဲ **ဘီလူး**ဇာတ်ကားမှာ ရွှေဆောင်ရုံ တစ်ရုံတည်းတွင် ဆက်လက် ပြသလျက်ရှိသည်။

ချစ်ခြင်းဖွဲ့မေတ္တာ

သဇင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဝတ္ထုဇာတ်ညွှန်းနှင့်ဒါရိုက်တာ ခင်မောင်ဦး–စိုးသိမ်းထွဋ်တို့ ရေးသားရိုက်ကူးသည့် **"ချစ်ခြင်းဖွဲ့မေတ္တာ"** ဇာတ်ကားသည် တစ်အူထုံ့ဆင်း ညီအစ်ကိုမောင်နှမများ၏ မေတ္တာသရုပ်သကန်ကို အဓိကဖော်ထုတ်ရိုက်ကူးထားသည့်ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။ မိဘမဲ့ ညီအစ်ကို မောင်နှမများတွင် တစ်ဦးတည်းသော အစ်ကိုကြီးက ညီမငယ်များအား မိဘလိုတစ်သွယ်၊ အစ်ကိုလိုတစ်မျိုး အနစ်နာခံပြီး မေတ္တာကြီးမားစွာဖြင့် ပြုစုလုပ်ကျွေးပုံကို ရုပ်ရှင်အနုပညာဖြင့် ပီပြင်စွာဖန်တီး တင်ဆက်ထားသည့် ဇာတ်ကားလည်းဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် ဒွေး၊ တင့်တင့်ထွန်း၊ မြတ်ကေသီအောင်၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာ၊ ခိုင်နှင်းဝေ၊ မင်းထက်ကျော်ဇင်နှင့် မင်းသူတို့ပါဝင်သရုပ်ဆောင်ထားကြသည်။

ယခုသောကြာပတ်တွင် သမ္မတ၊ မင်္ဂလာနှင့် သွင်ရုပ်ရှင်ရုံတို့တွင် ရုံဝင်လာမည့် "ချစ်ခြင်းဖွဲ့မေတ္တာ" ဇာတ်ကားသစ်မှ ဒွေးနှင့် အမျိုးသမီးသရုပ်ဆောင်များအား တွေ့ရစဉ်။

ရွှေဆောင် ရုပ်ရှင်ရုံတွင် ဆက်လက်ရုံတင်ပြသဆဲဖြစ်သည့် "ဘီလူး"ဇာတ်ကားမှ ဟာသ သရုပ်ဆောင် ဗေလုဝ၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

ဘီလူး

ဘီလူးဇာတ်ကားမှာ ပရိသတ်၏ အားပေးမှုအရှိန် ဆက်လက်ရရှိဆဲဖြစ်ပြီး ရွှေဆောင်ရုံတွင် ပြသနေသည်။ ဟာသသရုပ်ဆောင်များ အဓိကပါဝင်ထားပြီး ပရိသတ်ကို ဟာဒယတိုက်ကျွေးလျက်ရှိသည်။

နိုင်ငံခြားရုပ်ရှင်

ယခုသောကြာပတ်တွင် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ်တစ်ကားဖြစ်သည့် Sky Captain & The World of Tomorrow ဇာတ်ကား နေပြည်တော်ရုံတွင် ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာ Kerry Conranက ရေးသားရိုက်ကူးထားပြီး သိပ္ပံပညာအသားပေး ဇာတ်ကားတစ်ကားဖြစ်သည်။ (ကြေးမုံ)



စက်ပစ္စည်း အစိတ်အပိုင်းများကို အရည်အသွေးရှိရှိ စံချိန်စံညွှန်းပြည့်မီစွာ ထုတ်လုပ်ခေတ်မီစက်ကိရိယာများ ထပ်မံတပ်ဆင်ပြီး လုပ်ငန်းအဆင့်အတန်းကို မြှင့်တင်

ပုဂ္ဂလိကလုပ်ငန်းရှင်များ ရည်မှန်းချက် မြင့်မြင့်မားမားထား၍ လမ်းကြောင်းမှန်အတိုင်း ကြီးပွားတိုးတက် အောင်မြင်အောင်ကြိုးစား

ကြည့်ရှု စစ်ဆေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာစက်မှုဇုန်ရှိ ခေတ်မီသံရည်ကျိုနှင့် စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံရှိ သံရည်ကျိုအလုပ်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၇

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ သက်ဆိုင်ရာ တိုင်းမှူးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၁၅ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာစက်မှုဇုန်ရှိ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံကိုလည်းကောင်း၊ ဩဂုတ် ၁၆ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မန္တလေးမြို့ မန္တလေးစက်မှုဇုန်ရှိ ခေတ်မီသံရည်ကျိုစက်ရုံကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဩဂုတ် ၁၅ရက် နံနက်ပိုင်းတွင် မုံရွာစက်မှုဇုန်ရှိ ခေတ်မီ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံသို့ ရောက်ရှိပြီး ရှေးဦးစွာ သံရည်ကျိုအလုပ်ရုံ (Foundry Shop) ၌ အလုပ်ရုံက ထုတ်လုပ်ထားသည့် ရေခရူများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအောက်ရှိ စက်ရုံများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ငန်းအပ်နှံထားသည့် နမူနာစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

အသုံးပြုမှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Quality Control Room ၌ အရည်အသွေး စစ်ဆေးမည့် စက်ပစ္စည်းများနှင့် စက်ပစ္စည်းအလိုက် အသုံးပြုမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သံရည်ကျိုစက် အမှတ်(၂)၌ သံရည်ကျိုမှုနှင့် မြင်းကောင်ရေ ၁၈ ရှိ ပူလီထုတ်လုပ်ရန် မှိုခွက်များအတွင်းသို့ သံရည်လောင်းထည့်ခြင်းလုပ်ငန်းမှ ပူလီထုတ်လုပ်သည်အထိ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

အဆိုပါ သံရည်ကျိုအလုပ်ရုံမှ ပိဿာ ၈၀ ရှိ ၁၂လက်မ ရေခရူနှင့် ပိဿာ ၁၈၀ ရှိ ၂၀ လက်မ ရေခရူ၊ မြင်းကောင်ရေ ၁၈ ရှိ ပူလီတို့ကို အရည်အသွေး ကောင်းမွန်စွာ ထုတ်ပေးနေပြီဖြစ်သည်။

ထို့နောက် သံပုံထောင်း အလုပ်ရုံ (Forging Shop) သို့ သွားရောက်၍ လယ်ယာလုပ်ငန်းသုံး သံထည်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးမှ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကို တွေ့ရစဉ်။

(သတင်း-ရွှေဖုံး)

(သတင်းစဉ်)